- For immediate release - English follows -

## မြန်မာနိုင်ငံတွင် အင်တာနက်ဖြတ်တောက်ခံရမှုသည် ကမ္ဘာ့အရှည်ကြာဆုံးဖြစ်ကာ တစ်နှစ်ပြည့် နှစ်ပတ်လည် သို့ ရောက်ရှိလာသည့်အပေါ် အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၀ခုနှစ်၊ ဇွန်လ ၂၁ရက်။

**ယနေ့ ဇွန်လ (၂၁) ရက်နေ့သည် ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် မိုဘိုင်းအင်တာနက်ဆက်သွယ်မှု စတင်ဖြတ်တောက်ခံရမှုသည် တစ်နှစ်ပြည့် နှစ်ပတ်လည် အထိရောက်ရှိလာပြီဖြစ်သည်။ ဤအင်တာနက်ဖြတ်တောက်ခံရမှုသည် လက်ရှိတွင် ကမ္ဘာ့အရှည်ကြာဆုံးသော အင်တာနက်ဖြတ်တောက်မှုဖြစ်ကာ အဆိုပါပြည်နယ်များရှိ မြို့နယ် (၈) မြို့နယ်မှ ၁.၄ သန်းခန့်သော ဒေသခံပြည်သူတို့သည် ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေး နှင့် နိုင်ငံသား အခွင့်အရေးများအား ချိုးဖောက်ခံရခြင်းကို ကြုံတွေ့ခံစားနေကြရသည်။**

မြန်မာအစိုးရသည် အင်တာနက်ဖြတ်တောက်မှုအား နိုင်ငံတော်လုံခြုံရေးအတွက်လုပ် ဆောင်ခြင်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။ သို့ရာတွင်မူ ထိုသို့လုပ်ဆောင်ခြင်းသည် ယခုဖြစ်ပွားလျက်ရှိသော ပဋိပက္ခအား လျော့ပါးသွားစေသည်ဟူသော အထောက်အထား မတွေ့ရှိရပေ။ ထိုဖြတ်တောက်မှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်အကျဆုံးသော ဒေသများတွင်ရှိသော ဒေသခံလူထုအား ယခုဖြစ်ပွားနေသော COVID-19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်းတွင် ဆိုးရွားသောထိခိုက်မှုများကို ကြုံတွေ့စေသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် သင့်လျော်မှုမရှိကြောင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ ရှုံ့ချခဲ့ကြသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် ဆက်လက်ဖြစ်ပွားနေသော အင်တာနက်ဖြတ်တောက်မှုအား ရှုံ့ချလိုက်ကာ အစိုးရအား ကန့်သတ်ပိတ်ဆို့မှုများကို ချက်ချင်းရုတ်သိမ်းပြီး စွမ်းရည်ပြည့်ဝသော ဆက်သွယ်ရေးလိုင်း များအား အကန့်အသတ်မရှိ ပြန်လည်တည်ဆောက်ပေးရန် တိုက်တွန်းတောင်းဆိုလိုက်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် အစိုးရအား အောက်ပါအချက်များကိုလည်း တောင်းဆိုပါသည်။

- အဆိုပါ မြို့နယ် ၈ မြို့နယ်ရှိ မိုဘိုင်းအင်တာနက်လိုင်းများကို ခြွင်းချက်မရှိ စွမ်းအားပြည့် ချက်ခြင်းပြန်ဖွင့်ပေးရန်

- ၂၀၁၃ခုနှစ် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၇၇ နှင့် ၇၈ တို့အား ပြန်လည်သုံးသပ်ရန်နှင့် ၎င်းတို့အား လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အမြန်ဆုံး ပြင်ဆင်ရန်။

- အနာဂတ်တွင်နှင့် လာမည့်ရွေးကောက်ပွဲကာလများတွင်လည်း ယခုအင်တာနက် ဖြတ်တောက်ခံ ထားရသော ဒေသများတွင် သော်လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ လက်နက်ကိုင်ပ ဋိပက္ခဖြစ်ပွားသည့် အခြားဒေသများ အပါအဝင် ကျန်ဒေသများတွင်သော်လည်းကောင်း ယခုကဲ့သို့ အင်တာနက်ဆက်သွယ်ရေးစနစ်ဖြတ်တောက်ခြင်းများနှင့် အင်တာနက်နှုန်းလျှော့ချခြင်းများ အား(လုံး၀) မပြုလုပ်ရန်။

**လက်မှတ်ရေးထိုးထားသူများ**

1. Access Now (International)
2. Action Committee for Democracy Development (ACDD)
3. Action For Dignity and Development(ADD)
4. Action Labour Rights

5. Advocacy Initiative for Development (AID)
6. AfroLeadership (International)
7. African Freedom of Expression Exchange (International)
8. Africa Open Data and Internet Research Foundation (International)
9. All Arakan Students' and Youths' Congress (AASYC)
10. Araken CSO Network
11. Arakan League for Democracy (KyaukPyu)
12. Arakan Rivers Network (ARN)
13. Association of Human Rights Defenders and Promoters (HRDP)
14. Athan - Freedom of Expression Activist Organization
15. Blue Moose Publications (UK)
16. Burma News International (BNI)
17. C.A.N-MYANMAR and PFLAG-MYANMAR
18. Campaign for Human Rights and Development International (CHRDI - Sierra Leone)
19. Center for Environment and Resources Development in Arakan (CERDA)
20. Centre for Law and Democracy
21. Center for Media Studies and Peacebuilding (CEMESP - Liberia)
22. Charity Youths Organization
23. Chin CSOs Forum
24. Chin Youth Network
25. Chinland Heritage
26. Citizen Right Action Group - CRAG
27. Committee to Protect Journalists (CPJ)
28. Myanmar Consumers Union (MCU)
29. Dr. Saw Mra Aung Foundation
30. Equality Myanmar
31. Ethnic Concern
32. Free Expression Myanmar (FEM)
33. Free Media Movement (FMM - Sri Lanka)
34. Future Young Pioneer Organization (FYPO)
35. Gender and Development Advocates (GANDA - Philippines)
36. Genuine People's Servants (GPS)
37. Hyogo Framework for Action (HFA)
38. Human Rights Foundation of Monland
39. Human Rights Watch (International)
40. Kadu Youth Development Association (KYDA)
41. Impact Terra
42. Ingyinmay Hindu Women Association
43. Internet Freedom Foundation (India)
44. International Federation of Journalists (IFJ - international)
45. Internet Protection Society (Russia)

MYANMAR
#StopInternetShutdownMM

46. Internet Sans Frontières (International)
47. Justice Base
48. Kadu Youth Development Association
49. Kenya ICT Action Network (KICTANet)
50. MATA Chin
51. Media Foundation for West Africa (International)
52. Mi Organization
53. Mong Pan Youth Association
54. Mon Women's Organization
55. Myanmar ICT for Development Organization (MIDO)
56. Myanmar Centre for Responsible Business (MCRB)
57. Myanmar Consumers Union
58. Myanmar Journalist Network
59. Nam Khone Alumni Network
60. Oway Education and Youth Institution
61. Pakokku Youth Development Council (PYDC)
62. PEN America (International)
63. PEN Myanmar
64. Phandeeyar
65. Project Lockdown
66. Rain Maker
67. Rakhine Lives Matter
68. Rakhine Youth New Generation Network
69. Right 2 Know Campaign (South Africa)
70. ROAD ( Remove Obstructions Against Democratization)
71. Search for Common Ground (SFCG - International)
72. SKY-Youth(KyaukPhyu)
73. Social, Education and Development Association - SEDA
74. Software Freedom Law Center (SFLC - India)
75. Southeast Asia Freedom of Expression Network (SAFEnet - Indonesia)
76. Swe Tha Har Organization
77. Tampadipa Institute
78. Tara Foundation
79. Theikkhar Myanmar Institute
80. Thint Myat Lo Thu Myar ( Peace Seekers and Multiculturalist Movement)
81. Thuriya Sandra Environmental Watch Group
82. Twel Let Myanmar
83. Union of Karenni State Youth (UKSY)
84. Unwanted Witness (Uganda)
85. Utopia Association
86. Witness (International)
87. World Bank (international)

88. Yangon Film School
89. Yaung Chi Thit (YCT)
90. Yed
91. ကျောင်းသားသမဂ္ဂ တောင်ကုတ်ဒီဂရီကောလိပ်
92. ကမ်းထောင်းကြီး လူငယ်မျိုးဆက်သစ်
93. စာပေဥယျာဉ် ဘူးသီးတောင်
94. ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်း
95. တောင်ကုတ်လူငယ်ကွန်ရက်
96. မရမ်းကြီးလူငယ်များ ကွန်ရက်
97. မြို့လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
98. မြောက်ဦးလူငယ်များ အစည်းအရုံး
99. ဘဝအားမာန် အသင်း
100. ရခိုင့်မျိုးဆက်သစ် အမျိုးသမီးများ အဖွဲ့
101. ရခိုင်လူငယ်များစွမ်းရည်မြှင့်တင်ရေးအဖွဲ့
102. ရခိုင်လူငယ်မျိုးဆက်သစ်အဖွဲ့
103. ရမ်းဗြဲမြို့နယ် လူငယ်များကွန်ရက်
104. ရသေ့တောင်မြို့နယ် လူငယ်ကွန်ရက်
105. သန္တာရင်သွီး လူငယ်ပရဟိတ အသင်း
106. သက်လူငယ်များကွန်ရက်
107. အစိမ်းရောင်ဘဝများ
108. အုန်းတော ပရဟိတ ဖောင်ဒေးရှင်း
109. အမ်းလူငယ်မျိုးဆက်သစ်
110. အနောက်တံခါး လူငယ်အဖွဲ့

**မှတ်ချက်**

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ကန့်သတ်၊ နှောင့်ယှက်ခြင်းမခံရဘဲ အင်တာနက် အဆက်မပြတ်ရရှိရေးသည် အခြားလူ့အခွင့်အရေးများရရှိရေးအတွက် အခြေခံအခွင့်အရေးတစ်ခု ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် ၂၀၁၈ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက် အများအပြားတွင် အထပ်ထပ်အခါခါ အတိအလင်းဖော်ပြ ထားပြီး ဖြစ်သည်။

၂။ ဇွန်လ (၂၀) ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (MoTC)မှ ပြည်တွင်းရှိ မိုဘိုင်းဖုန်း ဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည့် MPT ၊ Mytel ၊ Telenor နှင့် Ooredoo များထံသို့ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ ပဋိပက္ခဖြစ်ပွားနေသော မြို့နယ်များတွင် ဇွန်လ (၂၁) ရက်နေ့ မြန်မာစံတော်ချိန် ည (၁၀) နာရီမှစ၍ အင်တာနက်ဆက်သွယ်မှုဖြတ်တောက်ရန်ဟူသော အမိန့်တစ်ရပ်ကို ပေးပို့ခဲ့သည်။

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းမှ အဆိုပါအမိန့်အား ပြည်ထောင်စုအစိုးရ၏ ထောက်ခံမှုဖြင့် ၂၀၁၃ခုနှစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ (၇၇) အပေါ်တွင် အခြေခံ၍ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ ထိုပိတ်ဆို့မှုသည် ထိုဒေသများတွင် တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ထိန်းသိမ်းရန် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားထားသည်။

**ဆက်သွယ်ရန် -**

- ဒေါ်ချစ်နှင်းယု, Free Expression Myanmar (FEM) yu@freeExpressionMyanmar.org, 0945 033 4457
- Svetlana Zens, Myanmar Centre for Responsible Business (MCRB) svetlana.zens@myanmar-responsiblebusiness.org,+959775609528
- ဒေါ်ဝေဖြိုးမြင့်၊ Phandeeyar  waiphyo@phandeeyar.org, 09795333831
- ထိုက်ထိုက်အောင်၊ MIDO htaike@mido.ngo, 0943025529